# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် (၁၁/၂၀၁၇)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၇) ကို ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၉)ခု ခွင့်ပြုခဲ့ပြီး၊ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၄၀၃.၃၉၁) သန်း နှင့် ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပေါင်း(၃,၂၀၃)ခုကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ ခွင့်ပြုလုပ်ငန်း(၉)ခုမှာ စက်မှု ကဏ္ဍလုပ်ငန်း(၇)ခု၊ အခြား ဝန်ဆောင်မှုကဏ္ဍ (၁)ခုနှင့် အိမ်ယာ အဆောက်အအုံ တည်ဆောက် ဖွံ့ဖြိုးမှုကဏ္ဍ(၁)ခုတို့ကို ခွင့်ပြုပေး ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၉)ခုအနက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆)အရ ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့် လုပ်ငန်း (၄)ခုနှင့် အတည်ပြုမိန့် ထုတ်ပေးခဲ့သည့် လုပ်ငန်း (၅)ခု ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၇ ခုနှစ် စက်တင်ဘာလ အထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၂၉) ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန် ဒေါ်လာ (၃,၅၄၆.၈၉၈)သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၄,၁၃၁.၀၈)သန်း စီးဝင်ခြင်း ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွင်း အထူးစီးပွားရေးဇုန်ဥပဒေအရသီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏအမေရိကန်ဒေါ်လာ (၂၁၄.၀၈)သန်း ခွင့်ပြုခဲ့ခြင်းဖြစ်သဖြင့် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၄,၃၄၅.၁၅၉) သန်း စီးဝင်ခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ(၂၀၁၂)အရ ခွင့်ပြုမိန့် ထုတ်ပေးခဲ့သည့်လုပ်ငန်း(၅၄)ခုဖြစ်ပြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆)အရ ခွင့်ပြုမိန့် ထုတ်ပေးသည့် လုပ်ငန်း (၂၂)ခု နှင့် အတည်ပြုမိန့် ထုတ်ပေးခဲ့သည့်လုပ်ငန်း (၅၃)ခု ဖြစ်ပါသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၈)ခု ခွင့်ပြုခဲ့ပြီး၊ ရင်းနှီး မြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ(၆.၅၈)သန်း အပါအဝင် ကျပ်(၁၂,၃၀၀.၉၈) သန်း၊ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း (၅၉၂)ခုကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ ခွင့်ပြု လုပ်ငန်း(၈)ခုမှာ စက်မှုကဏ္ဍ(၂)ခု၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ(၁)ခု၊ လယ်ယာကဏ္ဍ(၂)ခုနှင့် အခြားဝန်ဆောင်မှုကဏ္ဍ(၃)ခုတို့ ဖြစ်ပါသည်။ အဆိုပါမြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၈)ခုအနက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆)အရ ခွင့်ပြုမိန့် ထုတ်ပေးခဲ့သည့်လုပ်ငန်း(၂)ခုနှင့် အတည်ပြုမိန့် ထုတ်ပေးခဲ့သည့် လုပ်ငန်း (၆)ခု ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၇ ခုနှစ် စက်တင်ဘာလ အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၅၃)ခု၊ အမေရိကန် ဒေါ်လာ (၄၈၆.၄၂)သန်း အပါအဝင် ကျပ် (၁,၂၈၂,၂၉၇.၀၃) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၅၅၇.၄၆) သန်းအပါအဝင် ကျပ်(၁,၄၇၄,၁၁၈.၃)သန်း စီးဝင်ခြင်းဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၃) အရ ခွင့်ပြုမိန့် ထုတ်ပေးခဲ့သည့် လုပ်ငန်း (၂၉)ခုဖြစ်ပြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆)အရ ခွင့်ပြုမိန့် ထုတ်ပေးသည့် လုပ်ငန်း (၇)ခု နှင့် အတည်ပြုမိန့် ထုတ်ပေးခဲ့သည့်လုပ်ငန်း(၁၇)ခု ဖြစ်ပါ သည်။